ဘာသာပြန် စာရေးဆရာ - S.M

# ကျင့်ကြံခြင်းကမ္ဘာမှ အင်တာနက်ကဖေးဝနှစ

(ဖန့်ချီ)

(Chapter 31 - 45)

စာစဉ် -၃

## အပိုင်း (၃၁)

အနီရောင်ဘုရင်မ အရာအားလုံးကို ထိန်းချုပ်ထားပေသည်။ ဖျက်ဆီးခြင်း ဖုတ်ကောင်အုပ်စုကြီးကား နေရာအနှံ့ ရှိနေပြီးတော့ လစ်ကာများကလည်း ကြောက်မက်ဖွယ် ကောင်းလှပေသည်။ ဖန်သားပြင်ပေါ်က အရာအားလုံးမှာ ထိတ်လန့်တုန်လှုပ်စရာပင်ဖြစ်သည်။ ထို့အပြင် ဒီရုပ်ရှင်က ကြည့်ရှုသူများကိုယ်တိုင် မြင်ကွင်းတွေကို ခံစားလို့ရအောင် ပြုလုပ်ထားသည်။ ဒဏ်ရာများ ရပါက စိတ်ပူစေရန် ဖုတ်ကောင်တွေလို ရုပ်ဆိုးသော မွန်းစတားတွေအဖြစ် ပြောင်းလဲ စေပေသည်။

ဇာတ်ရှိန်တက်လာသည်နှင့်အမျှ ... လန်ယန်က ဇာတ်ကြောင်းကို စိတ်လှုပ်ရှား ရုံသာမက၊ လျင်မြန်စွာ တိုက်ခိုက်တတ်ခြင်းနှင့် အံ့ဩဖွယ်ရာ လစ်ကာများကို တွန်းလှန်သည့် နောက်ဆုံး တိုက်ပွဲမှာ ရင်တုန်ပန်းတုန် ဖြစ်စေကြောင်း သတိထားလိုက်မိသည်။ သူမက ပို၍ ကြည့်လေလေ ... ပို၍ တုန်လှုပ်ရလေလေ ဖြစ်လာသည်။

`ဒီ ဝတ္ထုရေးသူက ဘယ်လိုတွေများရေးတတ်ရတာလဲ ... ´ သူမကား အလွန်အံ့အားသင့် နေသည်။

ဒီဂိမ်းကား ပြိုင်ဘက်ကင်း အဖြစ်အပျက် တစ်ခုလိုပင် ... ဒီအရာက သူမလေးကို အံ့ဩစေသည်။

ဒီလိုတစ်စုံတစ်ခုမျိုး ကမ္ဘာပေါ်မှာ တည်ရှိနေမည်ဆိုတာကို သူမတွေးပင် မတွေးဖူးပါချေ။ ဒီအရာကား သူမ၏ စိတ်ကူးနိုင်သည့် အတိုင်းအတာထက် ကျယ်ပြန့်ပေသည်။

သူမကား နောက်ဆုံးတွင်တော့ ဒီလူများမှာ လိမ်ညာခံရ၍ ဒီနေရာကို လာနေသူများ မဟုတ်ကြောင်း ယုံကြည်သွားခဲ့ပေသည်။ ဒီဆိုင်လေးက လွဲ၍ ဘယ်လိုဆိုင်မျိုးကများ ဒီလူတွေ အကုန်လုံးကို ဆွဲဆောင်ဆောင်ဖို့ ကမ်းလှမ်းနိုင်သေးလို့လဲ ...

"ငါတို့မြင်လိုက်ရတာတွေက အစစ်တွေလား ...၊ ဘာတွေလဲ ... "

ဒီအချိန်မှာပင် နလန်မင်ရွှယ်လည်း ရုပ်ရှင်ကို ကြည့်၍ ပြီးသွားခဲ့သည်။ သူမ၏ အမူအရာမှာ လန်ယန်ထက်စာလျှင် ပို၍ တည်ငြိမ်နေသော်လည်း လူတွေက သေချာသာ အနီးကပ်ကြည့်ပါက သူမတွင် အံ့သြစရာ အရိပ်အယောင်လေး အနည်းငယ်ကို မြင်နိုင်ပေသည်။

"ဘယ်သူသိနိုင်မှာလဲ ... ဒီအရာက အလွန်ဝေးကွာတဲ့ နယ်မြေတွေမှာ ဖြစ်ပျက်တဲ့ အဖြစ်အပျက်လည်း ဖြစ်နိုင်တာပဲ ...၊ ဒါမှမဟုတ် ဒါက ဇာတ်လမ်းတစ်ပုဒ်လည်း ဖြစ်နိုင်တာပဲ ... "

ဖန့်ချီက ပေ့ါပေ့ါပါးပါးနဲ့ ဖြေလိုက်သည်။

"တကယ်ပဲလား ... "

သူမရဲ့ခန္ဓာကိုယ်က တစ်ခုခု ပြောင်းလဲနေတာကို နလန်မင်ရွှယ် ခံစား မိသည်။ ဥပမာ-သူမရဲ့ ခန္ဓာကိုယ်ကို ကောင်းစွာ ထိန်းချုပ်လာနိုင်ပြီးတော့ တိုက်ခိုက်ရေးနည်းစနစ်များကိုပင် အသိပညာ ရခဲ့သည်ဟု သူမခံစားနေ မိသည်။

သူမ၏ စစ်သည်တော် ချီများက မတိုးတက်လာသော်လည်း သူမ၏ တိုက်ခိုက်ရေးစွမ်းအားကို အရင်ကထက် ပိုမိုကောင်းမွန်စွာ အသုံးပြုနိုင်ပေ သည်။

ဖန့်ချီက သူ၏ ခေါင်းကို ညိတ်လိုက်သည်။

"ဒါကို ရုပ်ရှင်လို့ ခေါ်တယ် ... "

"ရုပ်ရှင် ဟုတ်လား ... "

သူမက ဂရုတစိုက်ဖြင့် ဒီစကားလုံး၏ နောက်ကွယ်က အဓိပ္ပာယ်ကို တွေးတောနေမိသည်။

"ဒီမှာ အခြားအရာတွေရော ရှိသေးလား ... "

လန်ယန်က ကယ်ရာမဲ့စွာ မေးလိုက်သည်။

"ရှင် ခုနကပြောတဲ့ ဂိမ်းဆိုတာ ဘာကြီးလဲ ... "

"ငါမှတ်မိပါသေးတယ် ... မင်းပဲ ငါ့ကို ခြယ်လှယ်တတ်တဲ့ လူဆိုပြီး စွပ်စွဲသေးတယ်မလား ...၊ မင်းပြောသေးတယ် ဘာတဲ့ ... ငါကပဲ ဖောက်သည်တွေကို ညှို့ယူပြီးတော့ လိမ်နေတာဆို ...၊ မင်းပြောခဲ့ပါသေးတယ် ...၊ ဒီလူတွေကို ငါကဗ္ဗာ:ထားပြီးတော့ ငါ့ဆိုင်မှာ ဖောက်သည်တွေအဖြစ် သရုပ်ဆောင်ခိုင်းတာဆို ... "

ဖန့်ချီက သူမလေးကို ကြည့်ကာ အပြုံးမျက်နှာဖြင့် ပြောနေသည်။

စွန်းချင်းဖန်နှင့် အခြားလူများကလည်း သူမလေးကို စိုက်ကြည့်လိုက်သည်။

"..."

သိသာစွာပင် သူမကား လျစ်လျူရှုတာက အရင်ကထက်ပင် သာနေသေးသည်။ အကယ်၍ ကြမ်းပြင်မှာသာ အက်ကြောင်းရှိပါက ... သူမက ထိုအရာကို လက်ပစ်ကူး ဝင်လာမှာ သေချာပေသည်။

လန်ယန်တစ်ယောက် အနည်းငယ် ကိုးရိုးကားရား ဖြစ်နေပြီး ရှက်နေမိသည်။

`ငါလေးက ... ဒီဆိုင်က ... ဖောက်သည်တွေကို လိမ်ညာ လှည့်ဖြားနေ

တယ်လို့ ပြောခဲ့မိတာလား ... ´

အရင်က သူမက ဒီနေရာက စစ်သည်တော်များနှင့် ချမ်းသာသည့် သခင်လေးများကို အရူးတွေဟု ထင်နေမိသည်။ သို့သော် အခုတော့ သူမကလည်း ထိုအရူးများထဲက တစ်ယောက်ဟု ခံစားနေမိသည်။

"ကျွန်မ ရှင့်ဆိုင်ကို နားလည်မှုလွဲသွားမိတယ် ... အဲဒါကို ဝန်ခံပါတယ် ... "

သူမက ဖန့်ချီကိုကြည့်ကာ ဘူးသီးလုံးလောက် မျက်ရည်များပင် ကျလာတော့မတတ် ခံစားနေမိသည်။ နောက်ဆုံးတော့ သူမက ဖန့်ချီပြောသည့်` ဂရုမစိုက်ခြင်း နည်းပညာ ´ကို သဘောပေါက်လာခဲ့သည်။

ဖန့်ချီက ရယ်မောလိုက်ပြီး ထလာပြီး သူတို့ကို ဂိမ်းကို ဘယ်လိုဘယ်ပုံ ကစားတယ်ဆိုတာကို ရှင်းပြခဲ့သည်။

လေးနာရီ ကြာပြီးနောက် ...

"ဘာကြီး ...၊ ငါတို့က ခြောက်နာရီအထိပဲ ကစားလို့ရတာ ဟုတ်လား ... "

လန်ယန်တစ်ယောက် သူမ၏ခုံမှ ရုတ်တရက် ထကာ ဖန့်ချီကို မျက်လုံးပြူးကြီးများနှင့် ကြည့်နေပေသည်။

"မဟုတ်ဘူး ... "

သူမက ဟစ်ကြွေးလိုက်သည်။

"ငါအနည်းဆုံးတော့ ကျိန်စာစာအုပ်ကို နောက်ကွယ်က ဆန်းကြယ်မှုကို ဖော်ထုတ်ဦးမယ်လေ ... "

သူမလေးဘေးနားက လူအများမှာ ကယ်ရာမရစွာဖြင့် ရယ်မောလိုက်သည်။

"တစ်ယောက်ယောက် အတွက် ... ဒီဆိုင်ရှင်က ဘယ်တော့မှ သူ့ရဲ့

စည်းမျဉ်းတွေကို ပြောင်းမှာမဟုတ်ဘူး ... "

"အိုး ... ဟုတ်ပြီ ... "

သူမက သလင်းကျောက်များကို ထုတ်ယူကာ ဖန့်ချီလက်ထဲ ထိုးထည့်ရင်း မေးလိုက်သည်။ သူမလေးက တောင်းဆိုလိုက်သည်။

"မူရင်းဈေးထက် ဆယ်ဆ ကျွန်မပေးမယ်လေ ...၊ ရှင်ဘယ်လို ထင်လဲ ဟင် ... "

"ဆယ်ဆ ဟုတ်လား ... "

ယနေ့အချိန်ထိ အမြင့်မားဆုံး ကမ်းလှမ်းနှုန်းက မူရင်းဈေးထက် ငါးဆ ဖြစ်ကာ စွန်းချင်းဖန် ကမ်းလှမ်းခဲ့ဖူးသည်။

သူမက ဈေးကို `ဆယ်ဆ´တောင် ကမ်းလှမ်းလိုက်တာလား ...

တစ်နာရီကို သလင်းကျောက် အတုံး၂၀လား ...

ဖောက်သည်များက ထို သလင်းကျောက်များကို ကြည့်ပြီး သူတို့က တံတွေးများကိုသာ မျိုချနေကြသည်။

မြင့်မားတဲ့ ဈေးနှုန်းတွေပဲ ...

ဖန့်ချီက သူ၏ လက်ထဲက သလင်းကျောက်များကို ကြည့်ပြီးတွန့်ဆုတ်နေမိသည်။ အကယ်၍ စနစ်ကသာ သူ့ကို လုပ်ခွင့်ပေးပါက သူ တကယ်ကိုဒီငွေ များဖြင့် အဝေးကို ထွက်ပြေးချင်နေမိသည်။

ဝမ်းနည်းစရာကား ... ထို ကပ်စေးနှဲ စနစ်ကား ဒီအချိန်တွင် လုံးဝ မတုံ့ပြန်ခဲ့ချေ။

"ငါ စိတ်မကောင်းပါဘူး ... "

ဖန့်ချီက သူမကို သလင်းကျောက်များကို စိတ်ထဲက မပါဘဲ ပြန်ပေးလိုက်ပြီး တရားမျှတသော လေသံဖြင့် ပြောလိုက်သည်။

"လူတိုင်းက ငါ့ဆိုင်ရဲ့ စည်းမျဉ်းတွေကို လိုက်နာရမှာပဲ ... "

`သူက ရှုးများရှုးနေတာလား ...၊ သူက ဘာကြောင့် သလင်းကျောက်တွေကို မယူတာလဲ ...၊ ကစားသူတစ်ယောက် အနေနဲ့ ရက်ပေါင်းများစွာ ကစားမှ သလင်းကျောက် ၂၀ပဲလေ၊ သူက တကယ်ကြီးကို အဲဒါကို မလိုချင်တာလား ... ´

"ဒါဆို ... ကျွန်မတို့ ရှင့်ကို ဘယ်လောက်ပေးသင့်တယ်လို့ ရှင်ထင်လဲ ... "

နလန်မင်ရွှယ်က မေးလိုက်သည်။ သူမ၏လေသံမှာ အေးစက်နေပြီး စိတ်မရှည်မှုများ ပါနေပေသည်။ သူမ၏ စိတ်အခြေအနေက ဖန့်ချီနှင့် ညှိနှိုင်းရန်ပင် စိတ်မရှည်တော့ချေ။

"မူရင်းဈေးထက် အဆထောင်ချီပြီးတော့လား ...၊ ဒါမှမဟုတ် အဆသောင်းချီပြီးလား ... "

ဖန့်ချီရဲ့ အမူအရာကတော့ တည်ငြိမ်နေ၏။

"မင်း ... ငါ့ကို ဘယ်လောက်ပေးမယ် ဆိုတာက ပြဿနာမဟုတ်ဘူး ...၊ ပြီးတော့ စည်းမျဉ်းတွေက စည်းမျဉ်းတွေပဲ ... ပြီးတော့ ငါက ဘယ်သူ့အတွက်ကိုမှ မချိုးဖောက် ပေးနိုင်ဘူး ... "

"ဆိုင်ရှင် မှန်တယ် ... သူကစည်းမျဉ်း လိုက်နာတဲ့လူပဲ ... "

နှုတ်ခမ်းမွေးနဲ့လူက သူ၏ဆံပင်ကို သနေရာမှ ဝင်ပြောသည်။ ဖန့်ချီက သူ၏ စည်းမျဉ်းတွေကို လိုက်နာတာမြင်တော့ သူ စိတ်အေးမိသွားသည်။ ဒါက သူ့လက်ထဲကနေ ကွန်ပျူတာတွေကို မည်သူမှ မဝယ်ယူနိုင်တော့သည့် အဓိပ္ပာယ် ဖြစ်ပေသည်။

အချိန် ကန့်သတ်ချက်နှင့် ပတ်သက်၍ မူလက မကျေနပ်သော ဝူရှန်နှင့် အခြားသူများက ဖန့်ချီက သူ့ကို မူလဈေးနှုန်းထက် ဆယ်ဆပေးတာကို

ငြင်းပယ်သည်ကို ကြားရသောအခါ များစွာစိတ်သက်သာ ရာရခဲ့သည်။

စွန်းချင်းဖန်လည်း သူ၏ခါးသီးသော အတွေ့အကြုံကို ပြန်တွေးလိုက်ပြီး ကယ်ရာမရ ဖြစ်နေမိသော်လည်း သူ၏ စိတ်ထဲတွင်တော့ အားရမိနေသည်။

`ကျွန်တော်တို့လည်း အတူတူပါပဲ အရင်တုန်းက ကြိုးစားဖူးပါတယ် ... ´

"ရှင် ... တကယ်ပဲ ကျွန်မတို့ကို ဆက်မကစားခိုင်းတော့ ဘူးလား ... "

လန်ယန်တစ်ယောက် သွေးအန်တော့မလို ခံစားလိုက်ရသည်။ သူမအနေဖြင့် ကစားတာကို မရပ်တန့်နိုင်ကြောင်း သူမသတိထားလိုက်မိသည်။

သို့သော်လည်း ... သူမကား ထပ်၍ မကစားရတော့ပေ။

အကယ်၍ ဆိုင်ရှင်ကသာ စွမ်းအားကြီးကြောင်းကိုသာ သူမ မသိခဲ့လျှင်၊ လန်ယန် သူ့ကို သတ်မိပေလိမ့်မည်။

သူမက ဖန့်ချီကို မရိုးသားသည့် လူလိမ်တစ်ယောက်ဟု ထင်ခဲ့မိသည်။ သို့သော် အခုတော့ သူက ရိုးသားသည့် စီးပွားရေး သမားသာ ဖြစ်ပေသည်။

တစ်ယောက်ယောက်က ငွေဖြင့် ဘယ်လိုလုပ်လုပ် မရွေ့ရတာလဲ ...၊ အကယ်၍ သူကသာ လူလိမ်ဆိုပါက လူတိုင်းသည် လူလိမ်များသာ ဖြစ်ပေတော့မည်။

"ငါတကယ်ကိုပဲ ဆက်ကစားချင်တယ် ... "

လန်ယန်က ကြမ်းပြင်ပေါ် ခြေဆောင့်ချလိုက်သည်။

"ရှင် ... လိုက်လျောမပေးနိုင်ဘူးလားဟင် ... "

"ဟင့်အင်းပဲ ... "

"ရှင် ... ဘာရည်ရွယ်ချက်နဲ့လုပ်နေတာလဲ ... "

လန်ယန်က ဖန့်ချီကို မနှစ်မြို့စွာ ကြည့်လိုက်သည်။ သို့သော် သူကတော့ သူမကို လျစ်လျူရှု ထားပေသည်။

ခဏတာ ကြာပြီးနောက်တွင် ... နလန်မင်ရှယ်က နောက်ဆုံးတွင် ပြောလိုက်သည်။

"သွားကြစို့ ... "

ရှက်ရွံ့ရွံ့ ခံစားနေရပြီး လန်ယန်က အရှုံးမပေးလိုပေ။

"ဒါပေမဲ့ ... ငါတကယ်ကို ဆက်ကစားချင်နေသေးတယ် ... "

"အာ ... မိန်းကလေး ... "

သူမ ဘာမှမတုံ့ပြန်ခင်မှာပင် နလန်မင်ရှယ်က အင်တာနက်ကဖေးဆိုင်က ထွက်ခွာသွားခဲ့သည်။ လန်ယန်အနေဖြင့် ရွေးချယ်စရာ မရှိတော့ဘဲ သူမနောက်ကို လိုက်သွားလိုက်သည်။

သူမက စိတ်မပါဘဲ လမ်းလျှောက်နေရင်း လန်ယန်၏ အမူအရာမှာ စိတ်ရှုပ်နေပေသည်။

"မိန်းကလေး နလန် ... ဒီဆိုင်က ငါတို့ထင်တာ မဟုတ်ဘူးလို့ ငါတော့ ထင်တာပဲ ... "

"ဘာကြောင့် ... ဒီကမ္ဘာက ငါ့အတွက် အတုလို ကြည့်မရတာလဲ ...၊ အဲဒါက အရမ်းထူးဆန်းတယ် ... "

"ဖုတ်ကောင်တွေ၊ သေနတ်တွေနဲ့ ဗိုင်းရပ်တွေ အားလုံးက အစစ်တွေလိုပဲ ... "

"အိုး ... ပြီးတော့ ငါ တိုက်ခိုက်ရေး စွမ်းရည်အချို့ကို သင်ယူမိတယ်လို့ ခံစားရတယ် ... "

"အိုး ... ပြီးတော့ ငါ့ရဲ့စွမ်းရည်တွေ တိုးလာတယ်လို့ ထင်တာပဲ ... "

"ငါနောက်ထပ် ဘာအံ့ဩမှုတွေ ဖြစ်နိုင်မလဲ ... ငါအရမ်း စူးစမ်းချင်နေတာပဲ ... "

"ဆိုင်ရှင်ကတော့ အလွန်ဆိုးရွားပါတယ် ...၊ ငါတို့ကို သူကထပ်မကစားခိုင်းတာကို ငါယုံတောင်မယုံနိုင်ဘူး ...၊ ငါတကယ် သူ့ကို သင်ခန်းစာ ပေးချင်လိုက်တာ ... "

"ငါတကယ်ကို ပြန်သွားပြီးတော့ ကစားချင်နေတယ် ... "

လန်ယန်တစ်ယောက် ထပ်ခါတလဲလဲ ပြောဆိုနေသည်။ အဆုံးတွင်တော့ နလန်မင်ရွှယ်က လှည့်လာခဲ့လေသည်။ သူမ၏အမူအရာကား ထိုအရာကို မသုံးရသေးခင်နဲ့ ကွာခြားနေပေသည်။ သူမက နူးညံ့စွာ ပြောလိုက်သည်။

"မနက်ဖြန်ကျရင် ထပ်လာမယ်လေ ... "

"..."

...

-ယွင်ရှန်သေရည်ဆိုင် -

ရှောင်ယွီ၏ ဘာမှန်းမသိသော အဖြစ်အပျက်က အချို့သော အတိုင်းအတာ တစ်ခုအထိ သက်ရောက်မှု ရှိခဲ့ပေသည်။

အခုတော့ ... သူတို့အားလုံးက ဖန့်ချီဆိုင်၏ ထူးဆန်းသည့် လျှပ်စီးရိုက်ချက်များကြောင့် ရှောင်ယွီတို့ သုံးယောက် အကြောင်းကို ဆွေးနွေး နေပေသည်။

"ဆိုင်ရှင်က အရမ်းကို ရဲရင့်တာပဲ ... "

ဘလက်ကီက ဖြစ်ပျက်ခဲ့တာတွေကို ပြောရင်း တုန်ခါနေပေသည်။

"သူက ရှောင်ယွီကို သူ့ရဲ့ဆိုင်ကနေ ကန်ထုတ်လိုက်တာ ငါဖြင့်မယုံနိုင်သေးဘူး ... "

"ငါကတော့ ... ဒါနဲ့ ပတ်သက်ပြီး မကောင်းတာတွေ ဖြစ်မလာဖို့ မျှော်လင့်ရတာပဲ ... "

လျှန့်ရှစ်က သက်ပြင်းချလိုက်သည်။

"မကောင်းတာ ဟုတ်လား ... "

ဘလက်ကီက ရယ်မောလိုက်သည်။

"ဆိုင်ရှင်က ပြဿနာ ရှာနေတယ်လို့ မင်းထင်နေတာလား ...၊ သူကတောင် သူတို့ကို အလေးအနက်တောင်မထားဘူး ... "

လီခွမ်က သူ၏ခွက်ကို ယူလိုက်ပြီး တောက်ပစွာပြုံးကာ လျှန့်ရှစ်နဲ့ တို့စ်လုပ်လိုက်သည်။

"မင်းသာ ငါ့ကို အဲဒီတုန်းက တားခဲ့မယ်ဆိုရင် ... ဒါမှမဟုတ် ... "

ထို့နောက်သူက သူ၏ခေါင်းကို မော့လိုက်ပြီး ... ခွက်ထဲက ဝိုင်တွေကို သောက်ချလိုက်သည်။

ဝူရှန်က ကျယ်လောင်စွာ ရယ်မောလိုက်သည်။

"အဲဒါက အရေးမကြီးဘူး ... ငါတို့နဲ့လည်း ဘာမှမဆိုင်ဘူး ...၊ ငါတို့လုပ်ရမှာက ဂိမ်းကစားဖို့ပဲ ...၊ ငါကတော့ ဆိုင်ရှင်က စည်းကမ်းတွေကို လိုက်နာတာ သဘောကျတယ် ... "

"လူတိုင်းပါပဲ ... "

လီခွမ်က ပြုံးလိုက်ကာ ဖြေလိုက်သည်။

R.E ပထမတွဲ၏ ရုပ်ရှင်ဗားရှင်းက သူတို့ကို ဂိမ်းထက် တုန်လှုပ်မှုတွေ ယူဆောင်လာစေတာကတော့ သူတို့ ဝန်ခံရပေမည်။

ကြီးမားသည့် ဖျက်ဆီးခြင်း ဖုတ်ကောင်အုပ်စုကြီး လေဆာဖြင့် အပိုင်းပိုင်းဖြစ်သည့် မြင်ကွင်း ပြီးတော့ အဆုံးတွင် ရှုပ်ထွေးနေသည့် မြို့၏

မြင်ကွင်းက သူတို့၏ စိတ်ထဲတွင် နက်ရှိုင်းစွာ စွဲထင်စေသည်။

ထိုသို့ ဇာတ်လမ်းကြောင်းများကို သူတို့ အရင်က တစ်ခါမှ မမြင်တွေ့ဖူးသည့် သူများမှာ စကားဖြင့် ပြောနိုင်တာထက်ကိုပင် ကျော်လွန်နေခဲ့၏။

အခြားတစ်ဖက်တွင်မူ ဒီရုပ်ရှင်ကြည့်ခြင်းက သူတို့တစ်ယောက်ချင်းစီ၏ တိုက်ခိုက်ရေး စွမ်းရည်ကို တိုးတက်စေတာကို လူတိုင်းသိပေသည်။ ထိုတိုးတက်မှုများက ဆက်တိုက် ထိန်းမထားနိုင်သော်လည်း ဂိမ်းမှ တိုးတက်မှုနဲ့တူညီပေသည်။ ထိုအရာကား မြင်နိုင်ပေသည်။

အချို့က ဒီအရာကို အမှန်ပဲ ပုံရိပ်ယောင်လား ...၊ တိုက်ခိုက်ရေး၊ လက်နက်များနှင့် ဂိမ်းထဲမှ အရာအားလုံးသည် အစစ်အတိုင်းပင်။ ဒါက ငါတို့မသိသေးတဲ့ အခြားနေရာက စစ်ပွဲ မှတ်တမ်းတွေများလား ...

...

-လင်းယန် ကျောင်းတော်-

ရုပ်ရှင်ဇာတ်ရှင်း ထွက်လာပြီးနောက် ကျောင်းသားများသည် သူတို့၏ နေ့စဉ်စကားစမြည် ပြောဆိုမှုများတွင် ပိုမိုပြောဆို ရန်ရရှိခဲ့သည်။

ကစားသမား အများစုသည် လင်းယန်ကျောင်းတော်မှ ဖြစ်ကြသည်။ ထို့ကြောင့် ကျောင်းသို့သွားသည့်အခါ R.E အကြောင်း ပြောဆိုကြလိမ့်မည်။

မှန်ပေသည်။ အခြားသူများအပေါ် နောက်ပြောင်ကစားတာကို ကြိုက်သည့် ကစားသူများလည်း ရှိပေသေးသည်။

သူသည် သိုင်းပညာ နည်းစနစ် အတန်းပြီးနောက် စွန်းချင်းဖန်က နေဝင်ချိန်လောက်တွင် သူ၏ အိမ်ကိုဦးတည်ခဲ့လေသည်။

#Translator-S.M

***